ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးကဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၀.၀၅) ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက်၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ရဲ့(၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ ၉-၁၂-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်လွှတ်တော် အခွင့်အရေး ကော်မတီ၊ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ ကခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ မြတ်ဆရာပူဇော်ကန်တော့ပွဲ တက်ရောက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲတို့ပဲ ဖြစ်ပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနဲ့ ယနေ့ခွင့်ပန်ကြားသူ (၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ(၉)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ မကျည်းပင်စုကျေးရွာနှင့် တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု ကင်းဆိပ်ကျေးရွာကိုဆက်သွယ်ထားသော နောင်ရိုး(ခပေါင်း) ချောင်းကူးသစ်သား တံတားအား သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ မကျည်းပင်စုကျေးရွာနှင့် တောင်ငူ မြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု ကင်းဆိပ်ကျေးရွာကို ဆက်သွယ်ထားသော နောင်ရိုး(ခပေါင်း)ချောင်းကူးသစ်သား တံတားအား သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ယနေ့ အစည်းအဝေးကို တက်ရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ မကျည်းပင်စုကျေးရွာနှင့် တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု ကင်းဆိပ်ကျေးရွာကို ဆက်သွယ် ထားသော နောင်ရိုး(ခပေါင်း) ချောင်းကူးသစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်ရိုး(ခပေါင်း)ချောင်းကူးသစ်သားတံတားဟာ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စုအတွင်းရှိ မကျည်းပင်စုကျေးရွာနှင့် တောင်ငူ မြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကင်းဆိပ်ကျေးရွာကို ဆက်သွယ်ပေးထားတဲ့(ခပေါင်း) ချောင်းကူးသစ်သားတံတား(၁)စင်း ဖြစ်ပါတယ်။ အဆိုပါ (ခပေါင်း)ချောင်းကူးသစ်သားတံတားမှာ အရှည်(၃၅၄)ပေ၊ အကျယ်(၈)ပေ နှင့် အမြင့်(၁၅)ပေရှိပြီး ဒေသခံပြည်သူတို့ ထည့်ဝင်ငွေကျပ် သိန်း(၂၀၀)ဖြင့် ၂၀၀၄ ခုနှစ်၊ ဇွန်လမှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှာ စတင်ဖွင့်လှစ် အသုံးပြုနိုင်ခဲ့ကြတာ ဖြစ်ပါတယ်။


အဆိုပါတံတားကို အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၅)အုပ်စုဖြစ်တဲ့ ဝဲဒေါင့် ကျေးရွာအုပ်စု၊ တောပုကျေးရွာအုပ်စု၊ ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု၊ ရွှေလောင်းကျေးရွာ အုပ်စုနှင့် သရက်ပင်မောင်နှမကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း(၂၉)ရွာနှင့် တောင်ငူမြို့နယ်အတွင်းရှိ ကင်းဆိပ်ကျေးရွာအုပ်စု(၂)စုဖြစ်တဲ့ ကင်းဆိပ်ကျေးရွာအုပ်စုနှင့် ဇီးကုန်းကျေးရွာအုပ်စုတို့မှ ကျေးရွာ (၁၀)ရွာတို့က ရဟန်း၊ ရှင်၊ လူ ပြည်သူများဟာ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးမော်တော်ဆိုင်ကယ်၊ ဘေးတွဲဆိုင်ကယ်များဖြင့် ဖြတ်သန်းသွားလာကြပြီး အုတ်တွင်းမြို့နယ်အတွင်းမှ ဒေသထွက်ကုန်များကို တောင်ငူမြို့သို့ပို့ဆောင်ရာတွင်လည်းကောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်း များအတွက်လည်းကောင်း နေ့စဉ် အသုံးပြုနေကြပါတယ်။

သို့သော် မော်တော်ကား ကြီး/ငယ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိသည့်အတွက် အကျိုး ပြုမှု အားနည်းနေလျက်ရှိပါတယ်။ အဆိုပါတံတားမှာ ကျေးရွာချင်းဆက်တံတားဖြစ်သလို အုတ်တွင်း မြို့နယ်နှင့် တောင်ငူမြို့နယ်တို့ကို ဆက်သွယ်ပေးမယ့် မြို့နယ်ချင်းဆက်တံတားလည်း ဖြစ်ပါတယ်။ အကယ်၍ အဆိုပါတံတားကို အရှည်(၃၆၈)ပေ၊ အကျယ်(၁၄)ပေနှင့် အမြင့်(၁၅)ပေရှိတဲ့ မော်တော်ကား ကြီး/ငယ်တို့ ဖြတ်သန်းသွားလာနိုင်မယ့် သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်တိုးမြှင့်တည်ဆောက် ပေးပါက ဒေသခံပြည်သူတို့၏ လူမှုဘဝအကျိုးစီးပွားများ ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါ လက်ရှိတံတားအခြေအနေပါ။ ဒါ အဝါနဲ့ပြထားတဲ့ နေရာဟာ တံတားတည်ရှိတဲ့နေရာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ဒီတံတားဟာ

ပြည်ထောင်စုဝန်ကြီးလည်း တောင်ငူတက္ကသိုလ်မှာ ပါမောက္ခချုပ် ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် ဒီတံတားရဲ့ အရေးပါ အရာရောက်မှုကို သိရှိပြီးသားဖြစ်လိမ့်မယ်လို့လည်း ကျွန်တော် ယုံကြည်ထား ပါတယ်။

သို့ဖြစ်ပါ၍ အုတ်တွင်းမြို့နယ်မှ ဒေသခံမဲဆန္ဒရှင် ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းလိုသည်မှာ (က) ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ မကျည်းပင်စုကျေးရွာနှင့် တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု၊ ကင်းဆိပ် ကျေးရွာတို့ကို ဆက်သွယ်ထားသော နောင်ရိုး(ခပေါင်း)ချောင်းကူးသစ်သားတံတားအား သံကူကွန်ကရစ် တံတားအဖြစ်သို့ အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သို့ ပြုလုပ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လေးစားစွာ တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ မန်ကျည်းပင်စုကျေးရွာနှင့် တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု၊ ကင်းဆိပ်ကျေးရွာဆက်သွယ်သည့် နောင်ရိုး (ခပေါင်း)ချောင်းကူးတံတား (၃၅၄ ပေ x ၈ ပေ)သစ်သားတံတား လက်ရှိအခြေအနေပြပုံ (န)



အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ မန်ကျည်းပင်စုကျေးရွာနှင့် တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု၊ ကင်းဆိပ်ကျေးရွာဆက်သွယ်သည့် နှောင်ရိုး (ခပေါင်း)ချောင်းကူးတံတား (၃၅၄ ပေ x ၈ ပေ)သစ်သားတံတား လက်ရှိအခြေအနေပြပုံ (န-၁)



အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အုတ်တွင်းမြို့နယ်၊ ဝဲဒေါင့်ကျေးရွာအုပ်စု၊ မန်ကျည်းပင်စုကျေးရွာနှင့် တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာအုပ်စု၊ ကင်းဆိပ်ကျေးရွာဆက်သွယ်သည့် နှောင်ရိုး (ခပေါင်း)ချောင်းကူးတံတား (၃၅၄ ပေ x ၈ ပေ)သစ်သားတံတား လက်ရှိအခြေအနေပြပုံ (န-၂)



**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကျောက်တောင်ကျေးရွာအုပ်စု၊ စက်နိုးကျေးရွာနှင့် နတ်တောင်ကျေးရွာကြားရှိ ချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကျောက်တောင်ကျေးရွာအုပ်စု၊ စက်နိုးကျေးရွာနှင့် နတ်တောင်ကျေးရွာကြားရှိ ချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းရမယ့် မေးခွန်းကတော့ ကျွန်တော့်၏ မဲဆန္ဒနယ်မြေဖြစ်တဲ့ ပေါက်တောမြို့နယ်၊ ကျောက်တောင်ကျေးရွာအုပ်စု၊ စက်နိုးကျေးရွာနှင့် နတ်တောင်ကျေးရွာကြားရှိ ချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းဟာ ကျွန်တော့်၏ မဲဆန္ဒနယ်ဖြစ်တယ်။ ပေါက်တောမြို့နယ်၊ ကျောက်တောင်ကျေးရွာအုပ်စု၊ စက်နိုးကျေးရွာနှင့် နတ်တောင်ကျေးရွာကြားတွင် ပေ(၁၀၀)ခန့်ကျယ်သော တောင်ကျရေစီးဆင်းသည့် ချောင်းငယ်တစ်ချောင်းရှိပါတယ်။ စက်နိုးရွာတစ်ဖက်ခြမ်းတွင် ကျောက်တောင်ကျေးရွာအုပ်စု တည်ရာ ကျောက်တောင်ရွာ၊ ကျောက်တန်းရွာ၊ လွမ်းဦးရွာ၊ တစ်ဖက်ခြမ်း လွမ်းဦးရွာ၊ ပြင်မရွာ၊ ခမောင်းချောင်းရွာ၊ နတ်စရင်ကျေးရွာဟု အမည်တွင်သော ကျေးရွာ(၇)ရွာ တည်ရှိပါတယ်။ တောင်ချောင်းကျေးရွာ အမည်တွင်သော ကျေးရွာ(၅)ရွာလည်း ပါဝင်ပါတယ်။ ကျောက်တောင်ကျေးရွာတွင် အလယ်တန်းကျောင်း၊ တိုက်နယ်ဆေးရုံများ တည်ရှိနေရာ၊ ပညာရေး၊ ကျန်းမာရေးကိစ္စအပါအဝင် ဈေးရောင်းဈေးဝယ် ဖောက်ကားသွားလာလိုပါက ဖော်ပြပါချောင်းကိုဖြတ်သန်း၍ ထိုးထားသော ယာယီဝါးတံတားကို မလွဲမသွေ ကျော်ဖြတ်ကြရပါတယ်။ နတ်တောင်ကျေးရွာဘက် (၃၅)ပေ၊ စက်နိုးကျေးရွာဘက်(၃၅)ပေနှင့် အလယ်ချောင်းမ (၁၈)ပေ အကြမ်းအားဖြင့် ပေ(၁၀၀) ကျယ်ဝန်းတာကိုလည်း တွေ့ခဲ့ရပါတယ်။

ကျောက်တောင်ကျေးရွာ၏ ပတ်ဝန်းကျင်ရွာများဟာ လူဦးရေအတော်အသင့်ရှိသကဲ့သို့ ပညာရေးကို လေ့လာလိုက်စားသော ကျေးရွာများ ဖြစ်ကြပါတယ်။ ဖော်ပြပါ သွားလာရေးအခက်အခဲများအကြားမှပင် ဆယ်တန်းအောင်၊ ဘွဲ့ရများ ပေါ်ပေါက်နေပြီ ဖြစ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသား အလယ်တန်းကျောင်းသူ၊ ကျောင်းသားများမှာ နေ့စဉ်နှင့်အမျှ ကြောက်လန့်စွာ ဖြတ်သန်းနေကြရတဲ့ တံတားတစ်စင်းလည်း ဖြစ်ပါတယ်။ ဈေးရောင်းဈေးဝယ်ဖောက်ကားသူများလည်း လွန်စွာ ဒုက္ခရောက်

နေကြပါတယ်။ ထိုဒုက္ခကို ကလေး၊ လူကြီး(၃၀၀၀)ခန့်နေထိုင်သော ပတ်ဝန်းကျင်ကျေးရွာသားများ၏ နေ့စဉ် ခံစားနေရတာကိုလည်း တွေ့မြင်ရမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ဖြစ်စေ၊ အခြားရန်ပုံငွေတစ်ခုခုမှ ဖြစ်စေ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများ၏ တင်ပြချက်၊ ကျွန်တော်ကိုယ်တိုင် ကွင်းဆင်းလေ့လာတွေ့ရှိချက်များအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်ပြမေးမြန်း အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ဦးစွာပထမအနေနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ဦးစွာပထမအနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းဦး ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး အနေနဲ့ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ကွင်းဆင်းစစ်ဆေးပြီးတော့ မေးမြန်းပေးတဲ့အတွက် အထူးပင် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်များနဲ့အတူ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ မကျည်းပင်စုကျေးရွာနှင့် ကင်းဆိပ်ကျေးရွာဆက်သွယ်မယ့် နောင်ရိုး (ခပေါင်း)တံတားဟာ ၂၀၀၄ ခုနှစ်မှာ ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းပါပဲ ပြည်သူ့ထည့်ဝင်ငွေကျပ် သိန်း(၂၀၀)နဲ့ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့တဲ့ သစ်သားတံတား (၃၅၄×၈×၁၈)ပေ ဖြစ်ပြီး တိုင်နှင့် ယက်မများမှာ ကြံ့ခိုင်မှုအားနည်းသဖြင့် မော်တော်ယာဉ်များသွားလာ၍ မရတာကိုတွေ့ရပါတယ်။ အဆိုပါတံတားအား အဆင့်မြှင့်တင်မည်ဆိုပါက (၃၆၈×၁၄×၁၈)ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ရန်အတွက် ကုန်ကျငွေခန့်မှန်းခြင်းဟာ (၇၃၆)သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ကျေးရွာ (၁၀)ရွာ၊ အိမ်ခြေပေါင်း(၅၂၃၁)ရှိတဲ့ လူဦးရေပေါင်း(၂၅၄၈၇)ဦးတို့ကိုအကျိုးပြုမယ်လို့ သိရပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်းဟာဆိုလို့ရှိရင် (၁၂၂၉၃.၇၀၄)ဖြစ်ပြီးတော့ ကွန်ကရစ်လမ်း(၅)မိုင်(၇)ဖာလုံ၊ ကတ္တရာလမ်း(၈)မိုင် (၃)ဖာလုံ၊ ကျောက်ချောလမ်း(၆၀)မိုင် (၄)ဖာလုံ၊ ဂဝံမြေနီလမ်း(၅၆)မိုင် (၇)ဖာလုံ နဲ့ မြေသားလမ်း(၃၄)မိုင်(၁)ဖာလုံအပြင် ကွန်ကရစ်တံတား(၂၅)စင်း၊

သစ်သားတံတား(၈၁)စင်း၊ ရေပြွန်(၈၅)စင်းနှင့်ရေကျော်(၁၂)စင်းတို့ကို တိုင်းတစ်တိုင်းလုံးအတွက် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အုတ်တွင်းမြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ ကျပ်သန်းပေါင်း (၂၃၃.၂၈)သန်းဖြင့်သာ ဆောင်ရွက်နိုင်တဲ့အခွင့်အလမ်းရှိပါတယ်။

သို့ဖြစ်တဲ့အတွက် ကျောက်ချောလမ်း(၂)မိုင် (၂)ဖာလုံ၊ ကွန်ကရစ်တံတား(၁)စင်းနှင့် သစ်သား တံတား(၂)စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်မှာလည်းပဲ လမ်း၊ တံတားလုပ်ငန်းများနှင့် ပတ်သက်ပြီး လမ်းအမျိုးအစားနဲ့ လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတား စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ လမ်းနယ်သတ်မှတ်ခြင်း၊ လမ်းပိုင်ဆိုင်မှု နယ်နိမိတ်သတ်မှတ်ခြင်းနဲ့ Strategy and Investment Plan တွေကို ရေးဆွဲစီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စု အဆင့်သတ်မှတ်ချက် (Criteria)များနှင့်အညီ ဦးစားပေးရွေးချယ်ခြင်းကိုတော့ ပြည်နယ်၊ တိုင်းဒေသ ကြီးများမှ သက်ဆိုင်သူ အဖွဲ့အစည်းများအားလုံး ပါဝင်ဆွေးနွေးပြီး နှစ်တို၊ နှစ်ရှည်စီမံကိန်း (Master Plan) ရေးဆွဲပြီး စီစဥ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးများမှ Master Plan အရ ဦးစားပေး ရေးဆွဲတင်သွင်းလာတဲ့ လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စိစစ်ပြီး စီစဥ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က မေးမြန်းလာတဲ့ အုတ်တွင်းမြို့နယ်အတွင်းမှာရှိတဲ့ မကျည်းပင်စုကျေးရွာနှင့် ကင်းဆိပ်ကျေးရွာ ဆက်သွယ်မယ့် နောင်ရိုး(ခပေါင်း)တံတား တည်ဆောက် ခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပါဝင်ခြင်းမရှိခြင်းကိုတော့ ကိုယ်စားလှယ်ကြီးအနေနဲ့ သိရှိပြီးဖြစ် ပါတယ်။ သို့ဖြစ်တဲ့အတွက် လတ်တလောမှာတော့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ ပြည်နယ်၊ တိုင်းဒေသကြီး များရဲ့ နှစ်အလိုက်ဦးစားပေးလျာထား တင်ပြမှုမှာ မူတည်ပြီးတော့မှ ဆောင်ရွက်ပေးသွားမည်ဖြစ်တဲ့ အကြောင်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ ဦးတက်ထွန်းအောင် မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ဦးစွာပထမအနေနဲ့ ဦးတက်ထွန်းအောင် အနေနဲ့ ယခုလို ကျေးလက်ဒေဖွံ့ဖြိုးရေးကို စိတ်ပါဝင်စားစွာ မေးမြန်းပေးတဲ့ အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ဦးစွာ တင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ကျောက်တောင်ကျေးရွာအုပ်စု၊ စက်နိုးကျေးရွာနှင့် နတ်တောင်ကျေးရွာချင်းဆက် ချောင်းကူးတံတားရဲ့ လက်ရှိအခြေအနေမှာ ယာယီဝါးတံတားဖြစ်ပြီး အရှည်ပေ(၁၀၀)ခန့်ရှိတယ်လို့သိရပါတယ်။ စက်နိုး ကျေးရွာဟာ အလယ်ဖရုံကာကျွန်းပေါ်မှာရှိတဲ့ မြင့်ဂါ-ဖဒူကားလမ်းဘေးမှာတည်ရှိပြီး စက်နိုး- နတ်တောင်ကျေးရွာချင်းဆက်တဲ့ လမ်းဟာ လူသွားလမ်းအဆင့်သာရှိပါတယ်။ အဆိုပါချောင်းကူး တံတားဟာ (၁၀၀×၁၄×၁၈)ပေ သံကူကွန်ကရစ်တံတားကို တည်ဆောက်မည်ဆိုပါက ငွေကျပ်(၁၂၀) သန်းခန့်ကုန်ကျမှာဖြစ်ပြီး ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၇၁၃)ရှိပြီးတော့ လူဦးရေ(၄၁၄၂)ဦးတို့ကို အကျိုး ပြုမယ်လို့ သိရပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်းကတော့ (၄၁၄၂.၈၉၂)သန်းနှင့် ကွန်ကရစ်လမ်း (၃)မိုင်(၃)ဖာလုံ၊ ကတ္တရာလမ်း(၁)မိုင် (၆)ဖာလုံ၊ ကျောက်ချောလမ်း (၂၁)မိုင်

(၇)ဖာလုံ၊ မြေသားလမ်း(၂၄)မိုင်(၅)ဖာလုံ၊ ကွန်ကရစ်တံတား(၂၇)စင်းနဲ့ ရေပြွန်(၆၆)စင်းတို့ကို ဆောင်ရွက်ပေးရန် လျာထားပါတယ်။ ပေါက်တောမြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကတော့ ကျပ်သန်းပေါင်း (၈၀.၀၄)သန်းနဲ့သာ ခွင့်ပြုငွေအားဖြင့် ရရှိပါတယ်။

သို့ဖြစ်တဲ့အတွက် မြေသားလမ်း(၂)မိုင်နဲ့ ကွန်ကရစ် တံတား(၄)စင်းတို့ကိုသာ ဆောင်ရွက်ပေးရန် လက်ရှိအနေအထားမှာ လျာထားပါတယ်။ ပြည်ထောင်စုအဆင့်ကတော့ စောစောတုန်းက တင်ပြခဲ့သလို လမ်းတံတားဆိုင်ရာ စီမံကိန်းများကို အချောသတ် အပြီးရေးဆွဲဖို့ရာ စီမံဆောင်ရွက်ပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မေးမြန်းလာတဲ့ ပေါက်တောမြို့နယ်အတွင်းမှာ ကျောက်တောင်ကျေးရွာအုပ်စု၊ စက်နိုး-နတ်တောင်ကျေးရွာချင်းဆက် ချောင်းကူးတံတားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မှာ ပါဝင်ခြင်းမရှိတဲ့အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဦးစားပေး လျာထားတင်ပြမှုအပေါ်မှာ မူတည်ပြီး လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကိုယ်စားလှယ်ကြီးရဲ့ ဒုတိယမေးခွန်းနှင့် အခြားနည်းလမ်းနဲ့ အကူအညီများရခဲ့မည်ဆိုလို့ရှိရင် ကိုယ်စားလှယ်ကြီးရဲ့ အခုတင်ပြတဲ့တင်ပြချက်ကို မှတ်သားထားပြီးတော့ နိုင်ငံတကာအဆင့်ဖြစ်စေ၊ ပြည်တွင်းအကူအညီဖြစ်စေရရှိလျှင် ကူညီဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်း တင်ပြရင်းနဲ့ပဲ ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြန်ကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့ကို ဆက်သွယ်ထားသော မြိုင် - ဗဟင်း - ခင်အေးလမ်းအား ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ က မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသော မြိုင် - ဗဟင်း - ခင်အေးလမ်းအား ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ထားသော မြိုင် - ဗဟင်း - ခင်အေးလမ်း ကို ကျောက်ချောလမ်း ဒါမှမဟုတ် ကတ္တရာလမ်းခင်းပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြိုင်- ဗဟင်း- ခင်အေးလမ်း ဟာ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းမဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်အပိုင်းမှာ (၂၇)မိုင် (၇)ဖာလုံရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်အထိ ကတ္တရာလမ်း မိုင်(၂၀)၊ ကျောက်ချောလမ်း (၇)မိုင် (၇)ဖာလုံ ရှိပါတယ်။ ကျေးရွာပေါင်း(၇) ရွာ ဖြတ်သန်းသွားပြီးတော့ မြိုင်မြို့နယ်အနောက်ပိုင်းကို ဆက်သွယ်သော တစ်ခုတည်းသောလမ်းလည်း ဖြစ်ပါတယ်။ အဆိုပါလမ်းတည်ရှိတဲ့အတွက် မြိုင်မြို့နယ် အနောက်ပိုင်းရှိ ကျေးရွာအများအပြားမှ ပြည်သူများအတွက် သွားရေးလာရေး လွယ်ကူချောမောစေပြီး ပညာရေး၊ ကျန်းမာရေးအတွက် လွယ်ကူစွာသွားလာနိုင်ကြပါတယ်။ မြိုင်မြို့နယ်အနောက်ပိုင်းရဲ့ အဓိက ထွက်ကုန်ဖြစ်တဲ့ သဘာဝသယံဇာတ(ရေနံ)၊ သနပ်ခါး၊ ဒေသထွက်စိုက်ပျိုးသီးနှံများ၊ ကူးသန်းရောင်းဝယ် နိုင်ရန် အားကိုးအားထားပြုရတဲ့လမ်းလည်း ဖြစ်ပါတယ်။

အဲဒီလမ်းမကြီးရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်အပိုင်းမှာရှိတဲ့ မြိုင်- ဗဟင်း-ခင်အေးလမ်း မိုင်(၂၇/၇) မှ (၄၀/၃)အထိ စုစုပေါင်း(၁၂)မိုင် (၄)ဖာလုံကို မြေသားလမ်း အဆင့်ကနေပြီးတော့ ကျောက်ချောလမ်း ဒါမှမဟုတ် ကတ္တရာလမ်း ခင်းပေးမယ်ဆိုလို့ရှိရင် ဂန့်ဂေါခရိုင်၊ ကလေးခရိုင်၊ ချင်းပြည်နယ်တို့နဲ့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မှာ ဖြစ်ပါတယ်။ အခုအခါမှာ ပခုက္ကူမြို့ကနေ ဂန့်ဂေါမြို့ကိုသွားတဲ့အခါမှာ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းအတိုင်း သွားရောက်ကြရတဲ့အတွက် (၁၄၀)မိုင်(၂)ဖာလုံ ကွာဝေးပါတယ်။ တကယ်လို့ ဗဟင်း-ခင်အေးလမ်းကိုသာ မြေသားလမ်းကနေ ကျောက်ချောလမ်း ဒါမှမဟုတ် ကတ္တရာလမ်း ပြုလုပ်ပေးမယ်ဆိုလို့ရှိရင် ပခုက္ကူ-မြိုင်-ဂန့်ဂေါခရီးမှာ (၁၁၆)မိုင်ပဲ ကွာဝေးမှာဖြစ်ပါတယ်။ အဲဒီလိုဆိုလို့ရှိရင် (၂၄)မိုင်(၂)ဖာလုံ ခရီးတိုသွားမှာ ဖြစ်ပါတယ်။ အချိန်ကုန်၊ ငွေကုန်သက်သာကြမှာ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ပြည်ထောင်စုဝန်ကြီးကို မဲဆန္ဒရှင် ပြည်သူလူထုကိုယ်စား မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့ကို ဆက်သွယ်ထားတဲ့ မြိုင်-ဗဟင်း-ခင်အေးလမ်းကို ကျောက်ချောလမ်း ဒါမှမဟုတ် ကတ္တရာလမ်းခင်းပေးနိုင်ခြင်း ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူး - စလင်း - တညောင် - ဆိပ်ဖြူ လမ်းပိုင်းရှိ မုန်းချောင်းတံတား (တံတားအမှတ် ၃၂/၂၅) နှင့် စလင်းချောင်း (နွယ်တမယ်) ဘေလီတံတား (တံတားအမှတ် ၄/၄၅) တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်ကမကွေးတိုင်းဒေသကြီးအတွင်း မင်းဘူး - စလင်း - တညောင် - ဆိပ်ဖြူ လမ်းပိုင်းရှိ မုန်းချောင်းတံတား (တံတားအမှတ် ၃၂/၂၅) နှင့် စလင်းချောင်း (နွယ်တမယ်) ဘေလီတံတား (တံတားအမှတ် ၄/၄၅)တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပိုင်းရှိ မုန်းချောင်းတံတားနှင့် စလင်း(နွယ်တမယ်)ချောင်းတံတားတို့ကို သံကူကွန်ကရစ် အဖြစ် ဆောက်လုပ်ပေးရန် အစီအစဥ် ရှိ/မရှိတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းလိုတဲ့ အကြောင်းပြချက်ကတော့ စလင်းမြို့နယ်က မကွေးတိုင်းအတွင်းမှာရှိပြီး ရပ်ကွက်ကျေးရွာအုပ်စုပေါင်း(၁၀၉)အုပ်စု၊ လူဦးရေအားဖြင့် (၁၉၀၀၀၀)ကျော်၊ ဧရိယာစတုရန်းမိုင်ပေါင်းအားဖြင့် (၁.၉၄)စတုရန်းမိုင်ရှိပါတယ်။ မြို့နယ်အတွင်းမှာ နေထိုင်တဲ့ လူဦးရေဟာဆိုလို့ရှိရင် (၇၅)ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိပါတယ်။ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပိုင်းရှိ မုန်းချောင်းတံတား(တံတားအမှတ် ၃၂/၂၅)နှင့် စလင်းချောင်း(နွယ်တမယ်) ဘေလီတံတား (တံတားအမှတ် ၄/၄၅) တို့အပေါ်မှ ကျော်ဖြတ်ပြီးတယ်ဆို ကျွန်တော်တို့ ဒေသထွက်ကုန်ပစ္စည်းများကို ရန်ကုန်ကိုပို့မယ်ဆိုရင် မကွေး-ပြည်-ရန်ကုန်သို့ လည်းကောင်း၊ မန္တလေး-မူဆယ်အထိ ပို့မယ်ဆိုရင် ချောက်-မန္တလေး-မူဆယ်မြို့များကသော်လည်းကောင်း တင်ပို့ရောင်းချရတဲ့အတွက် ခရီးသွားပြည်သူများဟာ အဆိုပါတံတားပေါ်မှ ဖြတ်သန်းပြီး အခြားမြို့များသို့ သွားလာမှု ပြုလုပ်ရပါတယ်။

ယင်းသို့ ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ရာမှာ တံတားရဲ့ ခံနိုင်ဝန်အားကို ချင့်ချိန်တင်ဆောင်ရခြင်း၊ တံတား(၂)စင်းလုံးမှာ (၁)လမ်းသွားဖြစ်၍ ကုန်ကား၊ ခရီးသည်ကား၊ ကိုယ်ပိုင်ကား၊ ဆိုင်ကယ်၊ စက်ဘီးသွားလာရာ၌ အချိန်ကြန့်ကြာခြင်း၊ ယာဉ်မတော်တဆမှုများ ကြုံတွေ့နေရပါတယ်။ အဆိုပါ တံတား(၂)စင်းအား (၁)လမ်းသွား ဘေလီတံတားအစား (၂)လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် အထက်ဖော်ပြပါ အခက်အခဲတွေဟာ ပြေလည်မှု ရရှိလာမယ်ဖြစ်သလို လမ်းပန်းဆက်သွယ်ရေးကလည်း ချောမွေ့လာမှာ ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီးအတွင်း ကျရောက်လျက်ရှိတဲ့ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူ လမ်းပိုင်းရှိ မုန်းချောင်းတံတား (တံတားအမှတ် ၃၂/၂၅)နှင့် စလင်းချောင်း (နွယ်တမယ်) ဘေလီတံတား (တံတားအမှတ် ၄/၄၅)တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၂)လမ်းသွား သံကူကွန်ကရစ် တံတားအဖြစ် ပြုလုပ်ဆောက်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ အကယ်၍များ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိလျှင် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိကြောင်း သိရှိလိုပါ၍ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ကမ်းထောင်းကြီးမြို့မှ ရှောက်ခြုံကျေးရွာအထိ သို့မဟုတ် ကမ်းထောင်းကြီး မြို့မှ ရန်ကုန်-စစ်တွေကားလမ်းမသို့သွားသည့်လမ်း (၇)မိုင် (၂)ဖာလုံကို ပြည်ထောင်စုအစိုးရမှ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ကမ်းထောင်းကြီးမြို့မှ ရှောက်ခြုံကျေးရွာအထိ သို့မဟုတ် ကမ်းထောင်းကြီး မြို့မှ ရန်ကုန်-စစ်တွေ ကားလမ်းမသို့သွားသည့်လမ်း (၇) မိုင် (၂) ဖာလုံကို ပြည်ထောင်စုအစိုးရမှ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲ၊ အမ်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ကမ်းထောင်းကြီးမြို့မှ အမ်းမြို့နယ်၊ ရှောက်ခြုံကျေးရွာအထိသွားတဲ့လမ်း သို့မဟုတ် ကမ်းထောင်းကြီးမြို့မှ ရန်ကုန်-စစ်တွေ ကားလမ်းမကြီးပေါ်သို့ သွားတဲ့လမ်း (၇)မိုင် (၂)ဖာလုံကို ပြည်ထောင်စုအစိုးရမှ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးနိုင်ရန်ကိစ္စနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီကမ်းထောင်းကြီးမြို့ဟာဆိုလို့ရှိရင် ရေလမ်းတစ်ခုတည်းကို မှီခိုပြီးတော့သွားရတဲ့စည်ကားတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဒါ ကမ်းထောင်းကြီးမြို့ရဲ့ ဈေးမြင်ကွင်းဖြစ်ပါတယ်။ ကမ်းထောင်းကြီးမြို့ဟာ ဆိုလို့ရှိရင် မြို့အဆင့်သတ်မှတ်ထားပေမယ့် မြို့အင်္ဂါရပ်နဲ့ ညီညွတ်မှုမရှိသေးပါဘူး။ မြို့တစ်မြို့ကနေပြီး တော့ မြို့အင်္ဂါရပ်နဲ့ ညီညွတ်ရေးဟာ လျှပ်စစ်မီးရရှိရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအပေါ်မှာ အဓိက မူတည်ပါတယ်။ လောလောဆယ်အချိန်မှာတော့ ကမ်းထောင်းကြီးမြို့က ရန်ကုန်- စစ်တွေ ကားလမ်းမပေါ်သို့ထွက်တဲ့လမ်းဟာ အလွန့်အလွန် ပျက်စီးနေကြောင်း ပုံတချို့နဲ့ ကျွန်မ ဖော်ပြပါ့မယ်။ ဒါက ပျက်စီးနေတဲ့လမ်းတွေကို တိုင်းတာနေတဲ့ ပုံတွေဖြစ်ပါတယ်။ ဒီလမ်းကို ကျွန်မတို့ လွှတ်တော်နားတဲ့ အချိန် အောက်တိုဘာလ ၁၀ ရက်နေ့က ကမ်းထောင်းကြီးမြို့ကို ကျွန်မ ကိုယ်တိုင်သွားခဲ့တဲ့အခါမှာတော့ ဒီဖော်ပြပါပုံတွေထက် ပိုမိုဆိုးရွားနေတာကို ကျွန်မ မျက်မြင်ကိုယ်တွေ့ကြည့်ခဲ့ရပါတယ်။ ဒါ အဲဒီ

လမ်းပေါ်မှာရှိတဲ့ တံတားတွေ၊ ဒီ Box Culvert တွေ ပျက်စီးနေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် Box Culvert ပေါ်မှာနေပြီးတော့ ရေလျှံနေတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒီ ကမ်းထောင်းကြီးမြို့ကနေပြီးတော့ ဒီ စစ်တွေ-ရန်ကုန် ကားလမ်းမပေါ်ကိုထွက်ဖို့အတွက် ဒီလမ်းကို မှီခိုနေကြတဲ့ ရွာပေါင်း(၁၃)ရွာရှိပါတယ်။

ဒါကြောင့် ဒီ အဓိကလမ်းမှာ အဆိုပါ ကမ်းထောင်းကြီးမြို့ကနေပြီးတော့ ရန်ကုန်-စစ်တွေ လမ်းမပေါ်သို့ သွားရာလမ်းတစ်ခုတည်းသော ကုန်းလမ်းဖြစ်ပြီးတော့ ဒီလမ်း ကောင်းမွန်ရေးအတွက် ပြည်နယ်ရန်ပုံငွေ သို့မဟုတ် ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေက ပြုလုပ်ပေးမယ်ဆိုလို့ရှိရင် တစ်နှစ်ကို (၁)မိုင် သို့မဟုတ် (၁)မိုင်ခွဲနဲ့ ပြုလုပ်မယ်ဆိုလို့ရှိရင် နှစ်အတော်ကြာမှနေပြီးတော့ ဒီလူများသွားလာရေး အဆင်ပြေပြေ သွားလာနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်လို့ရှိရင်တော့ အခုအချိန်အထိ ပြည်သူများ ဟာ ခက်ခက်ခဲခဲ  သွားလာနေရဆဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသဖွံ့ဖြိုးရေး၊ မြို့တစ်မြို့အင်္ဂါရပ်နဲ့ ညီညွတ်ရေး၊ ပြည်သူများရဲ့သွားလာရန် လွယ်ကူချောမွေ့ရေးတို့ကို အလေးထားဆောင်ရွက်ပေးသည့် အနေနဲ့ ပြည်ထောင်စုရန်ပုံငွေမှ ကတ္တရာလမ်း သို့မဟုတ်ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်ပေးရန် ရှိ/မရှိနဲ့ ရှိပါက ဘယ်ခုနှစ်မှာ ဆောင်ရွက်ပေးမည်ကို ပြည်သူများ၏ဆန္ဒအရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

ပျက်စီးနေသောလမ်း၏ မြင်ကွင်းပုံ (ပ)



ပျက်စီးနေသောလမ်း၏ မြင်ကွင်းပုံ (ပ-၁)



ပျက်စီးနေသောလမ်း၏ မြင်ကွင်းပုံ (ပ-၂)



**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ မှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်း ဒေသကြီး ဆက်သွယ်ထားတဲ မြိုင်-ဗဟင်း-ခင်အေးလမ်းအား ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာ လမ်းခင်းပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်း တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်အတွင်းမှာရှိတဲ့ မြိုင်-ဗဟင်း-ခင်အေးလမ်းဟာဆိုရင် (၂၇) မိုင် (၇) ဖာလုံရှည်လျားပြီးတော့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့မှာတော့ လမ်းအခြေအနေက ကတ္တရာလမ်း(၁၆) မိုင် (၆) ဖာလုံ၊ အမာခံလမ်း (၁၁)မိုင် (၁)ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာဆိုရင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် (၅၄၈.၉၂၁)သန်း နဲ့ (၁၂)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း (၃)မိုင် (၂)ဖာလုံ၊ ကျောက်ချောလမ်းခင်းခြင်း (၁)မိုင် (၁)ဖာလုံ ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းပြီးစီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်မှာဆိုရင် ကတ္တရာလမ်းအဆင့် မိုင်(၂၀) ဆောင်ရွက်ပြီးစီးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မြိုင်-ဗဟင်း-ခင်အေးလမ်းဟာ ဆိုရင် ကတ္တရာလမ်းအဆင့်ဆောင်ရွက်ရန်ကျန်တဲ့ (၇)မိုင် (၇)ဖာလုံကို (၁၈)ပေအကျယ် ကျောက်ချောလမ်း ခင်းခြင်းနဲ့ (၁၂)ပေအကျယ်ကနေပြီးတော့ (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း၊ (၃)မိုင် (၄) ဖာလုံ ဆောင်ရွက်ရန် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ်(၉၈၉.၅)သန်း လျာထားတင်ပြတောင်းခံ ထားပါကြောင်းနဲ့ ရန်ပုံငွေရရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကုန်မှာ ကတ္တရာလမ်းအဆင့် မိုင်(၂၀)နဲ့ ကျောက်ချောလမ်းအဆင့် (၇)မိုင် (၇)ဖာလုံသို့ ရောက်ရှိမှာဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဝင်းမောင် မှ မေးမြန်းထားတဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူ လမ်းမှာရှိတဲ့ မုန်းချောင်းတံတား၊ (Triple-Single) ဘေလီတံတား၊ R.Cရေလယ်တိုင်နှင့် စလင်းချောင်း(နွယ်တမယ်)တံတားကို (Triple-Single)သံစီဘေလီ R.Cရေလယ်တိုင်ကို နှစ်လမ်းသွားကွန်ကရစ်တံတားအဖြစ် ပြုပြင် ဆောက်လုပ် ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပထမဦးဆုံး နွယ်တမယ်တံတားနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ နွယ်တမယ်တံတားဟာဆိုရင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူ မိုင်တိုင်(၄၄/၇-၄၅/၀)တွင် တည်ရှိသည့် (Triple-Single) တစ်လမ်းသွား ဘေလီ တံတား ဖြစ်ပါတယ်။နွယ်တမယ်တံတားအား စလင်းချောင်းကိုဖြတ်ပြီးတော့ ၁၉၉၅ ခုနှစ်မှာ စတင် တည်ဆောက်ခဲ့ပြီးတော့ ၁၉၉၇ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပါတယ်။ နွယ်တမယ် တံတား

အား (ပေ ၁၀၀ x ၁၀ခန်း)ဖြင့် အရှည်(၁၀၀၀)ပေ ဘေလီတံတားနှင့် ပေ (၁၀၀) ကွန်ကရစ်တံတား (၂)စင်းနဲ့ တည်ဆောက်ထားပါတယ်။ တံတားတည်ဆောက်စဉ်က စလင်းချောင်းအကျယ်ဟာဆိုရင် ပေ(၁၉၅၀)ခန့်ရှိရာ ချောင်းရဲ့ရေစီးကြောင်းကို လေ့လာပြီးတော့ ကုန်ကျစရိတ် သက်သာစေရန် အတွက် ရေအမြဲစီးဆင်းတဲ့ ချောင်းရိုးနေရာမှာ ပေ(၁၀၀၀) ဘေလီတံတား တည်ဆောက်ပြီးတော့ ကုန်းကြောအပိုင်းမှာတော့ မြေသားတာပေါင်အရှည် ပေ(၄၀၀) နှင့် ပေ(၁၀၀) ကွန်ကရစ်တံတား (၂)စင်းကြားမှာ အရှည် ပေ(၂၅၀) ရှိတဲ့ မြေသားတာပေါင်ဖို့ပြီးတော့ ကျွန်တော်တို့ တည်ဆောက်ခဲ့ ပါတယ်။၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်းမှာ (၁)ကြိမ်၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် ရွာသွန်းသော မုန်တိုင်းမိုးကြောင့် (၁)ကြိမ် မြေသားတာပေါင်ပြတ်ပါမှု(၅)နေရာ ဖြစ်ပွားခဲ့ပါသဖြင့် ပေ(၁၀၀) ကွန်ကရစ်တံတား(၂)စင်းကြား အရှည်ပေ(၂၅၀) မြေသားတာပေါင်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်တံတားတည်ဆောက်ပြီးတော့ ရေလမ်းကြောင်းကို ဖွင့်ပေးခဲ့ပါတယ်။

စလင်းချောင်းသည် အမြဲတမ်းမြစ်ကြောင်း ပြောင်းလဲစီးဆင်းတတ်တဲ့ ချောင်းဖြစ်ပြီးတော့ ယခုအခါ ကွေ့ကောက်ပြီးတော့ ဆင်ဖြူကျွန်းမြို့ဘက်သို့ ဦးတည်လျက်ရှိသဖြင့် မြို့ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် River Training ပြုလုပ်နိုင်ရေးအတွက် Hydrographic Survey တိုင်းတာပြီးတော့ စူးစမ်းလေ့လာပေးနိုင်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

နွယ်တမယ်တံတားအနီး စလင်းချောင်းအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စူးစမ်းတိုင်းတာမှုများ ပြုလုပ်ပြီး ရရှိလာသော Hydrographic Survey တိုင်းတာမှုအပေါ်မှာ River Training ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ River Training ပြုလုပ်ထားရှိမှုအား တစ်နှစ်ခန့် စောင့်ကြည့်လေ့လာပြီးမှ မြစ်ကြောင်း စီးဆင်းမှု မှန်ကန်ကောင်းမွန်သွားတဲ့အချိန်မှာဆိုရင် နွယ်တမယ်တံတားအား နှစ်လမ်းသွား သံကူ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မုန်းချောင်းတံတားနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်း မိုင်တိုင် (၂၄/၅-၂၄/၆) ရှိ မုန်းချောင်းဘေလီတံတားဟာ ၁၅-၄-၁၉၉၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီးတော့ (၁၃၁၀)ပေအရှည် (၁၀၀ပေx၁၂ ခန်း) + (၁၁၀ပေx၁ခန်း) (Double-Single) တစ်လမ်းသွားဘေလီတံတား၊ အကျယ်(၁၂.၃)ပေနှင့် တံတားခံနိုင်ဝန်(၁၃)တန်ရှိတဲ့ တံတားဖြစ်ပါတယ်။ မုန်းချောင်းဘေလီတံတား (၁၃၁၀)ပေကိုတော့ ဦးစားပေးအနေနဲ့ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေတွင် ကျပ်သန်းပေါင်း(၂၅၀၀) လျာထားတင်ပြထားပါကြောင်းနှင့် ရရှိပါက ဆောင်ရွက်ပေး သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါ်ထုမေ မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ကမ်းထောင်းကြီးမြို့မှ ရှောက်ခြုံကျေးရွာအထိ သို့မဟုတ် ကမ်းထောင်းကြီးမြို့မှ ရန်ကုန်-စစ်တွေ ကားလမ်းမသို့သွားသည့်လမ်း(၇)မိုင်(၂)ဖာလုံကို ပြည်ထောင်စုအစိုးရမှ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသောဖြေကြားချက်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကမ်းထောင်းကြီးမြို့မှ ရှောက်ခြုံကျေးရွာထိလမ်းဟာဆိုရင် (၇)မိုင် (၁)ဖာလုံ ရှည်လျားပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပိုင်သောလမ်းဖြစ်ပါတယ်။ ကမ်းထောင်းကြီး-ရှောက်ခြုံလမ်းရဲ့ အမ်းမြို့နယ်လမ်းပိုင်းတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုရန်ပုံငွေကျပ် (၁၉၁.၅)သန်းနဲ့ ကျောက်ချောလမ်းခင်းခြင်း (၃)မိုင်၊ ရေပြွန်တည်ဆောက်ခြင်း (၂)စင်းကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေကျပ် (၂၉၃.၆၇၆)သန်းနဲ့ ကျောက်ချောလမ်းခင်းခြင်း (၃)မိုင် (၄)ဖာလုံ၊ ကျောက်စီကမ်းကပ်ခုံ သစ်သားတံတားတည်ဆောက်ခြင်း(၁၂)စင်း၊ ရေပြွန်တည်ဆောက်ခြင်း (၁၅)စင်းကိုလည်းကောင်း၊၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေကျပ်(၁၁.၀)သန်းနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့တဲ့ ကျောက်ချောလမ်း(၆၅)ပေနဲ့ (၁၀)ပေရှည်ကွန်ကရစ်တံတားတစ်စင်း ပြုပြင်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုရန်ပုံငွေကျပ် (၃၂.၀)သန်းနဲ့ ပေ(၂၀)အရှည် ကွန်ကရစ်တံတားတည်ဆောက်ခြင်း(၁)စင်းနဲ့ (၁၀)ပေအရှည် ကွန်ကရစ်တံတားတည်ဆောက်ခြင်းတစ်စင်း ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ပြည်နယ်ရန်ပုံငွေ ကျပ်(၆)သန်းနဲ့ (၅)ပေ Box Culvert (၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းအားလည်း ဆက်လက်ဆောင်ရွက်ရန်ပစ္စည်းများ စုဆောင်းထားရှိလျက်ရှိပါတယ်။ မြေပုံမြို့နယ်အပိုင်းတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုပြည်နယ်ရန်ပုံငွေကျပ် (၁၆၉.၇၁၇)သန်းနဲ့ ကျောက်ချောလမ်းခင်းခြင်း (၇)ဖာလုံ၊ ကမ်းထောင်းကြီးမြို့အတွင်း ကွန်ကရစ်ခင်းခြင်း(၁)မိုင် ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ်းထောင်းကြီးမြို့မှ ရှောက်ခြုံကျေးရွာသို့သွားသောလမ်းရဲ့ ကွန်ကရစ်ခင်းရန်ကျန်ရှိတဲ့ (၆)မိုင်(၁)ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်မယ်ဆိုပါက ခန့်မှန်းတန်ဖိုးကျပ် (၁၆၁၅.၇၀)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ၎င်းလမ်းဟာ ကျေးရွာပေါင်း (၁၈)ရွာ၊ အိမ်ခြေပေါင်း(၁၂၃၆)အိမ်၊ လူဦးရေ(၇၈၃၀)ဦးတို့ကို အကျိုးပြုမှာဖြစ်တဲ့အတွက် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲ တင်ပြသွားမှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက်(တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၀း၄၄ နာရီအချိန်တွင် ရပ်နားပါသည်။]